# Medicare အကျိုးခံစားခွင့်ရှိသူတို့အား အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စေတနာအလျောက် စုစည်းထားသော အဖွဲ့များ

*သင့်အား အကောင်းဆုံး ပြုစုစောင့်ရှောက်မှု ပေးနိုင်ရန် အတူတကွ လုပ်ဆောင်လျက် ရှိပါသည်။*

**ဤအရာမှာ Accountable Care Organization (ACO) ၏ အစိတ်အပိုင်းပင် ဖြစ်ပါသည်။ သင့်အတွက် အကောင်းဆုံး ပြုစုစောင့်ရှောက်မှု ရရှိထားကြောင်း သေချာစေရန်အတွက် ကျွန်ုပ်တို့သည် အခြား ဆရာဝန်များ၊ ဆေးရုံများနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ပေးသူများနှင့်အတူ ပူးပေါင်း လုပ်ဆောင်လျက်ရှိပါသည်။**

## *သင်ကျန်းမာလာစေရန်နှင့် ဆက်လက် ကောင်းမွန်စွာ နေထိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့မှ ပူးပေါင်းလုပ်ဆောင်ထားသည့် ပြုစုစောင့်ရှောက်မှုအား ပေးအပ်ထားပါသည်*

- ► သင့်လိုအပ်ချက်အပေါ် အထူးပြုထားသည့် လူနာ-ဗဟိုပြု ပြုစုစောင့်ရှောက်မှုအား ရရှိထားပါသည်။
- ► သင့်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးသူများသည် တူညီသည့် စမ်းသပ်မှု ရလဒ်များ၊ ကုသမှုများနှင့် ဆေးညွှန်းများကို တွေ့ရှိနိုင်ပါသည်။
- ► နောက်ထပ် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဆေးကုသမှုရှိ ပြဿနာများနှင့် ဆေးဝါး အပြန်အလှန် တုံ့ပြန်ခြင်းများမှ ကာကွယ်ရန် ကူညီပေးနိုင်ပါသည်။
- ► စမ်းသပ်မှုများနှင့် ရက်ချိန်းများ ထပ်ခါ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် အချိန်၊ ငွေ ချွေတာ၍နှင့် စိတ်ပျက်ဖွယ်ရာများကို ရှောင်ရှားနိုင်ပါသည်။
- ► ပိုမိုကောင်းမွန်သည့် ပြောဆိုဆက်ဆံမှုသည် Medicare လိမ်လည်မှုနှင့် အချိန်ဖြုန်းမှုများထံမှ ကာကွယ်ရန် ကူညီပေးနိုင်ပါသည်။

## *ကျွန်ုပ်တို့၏ ပြောဆိုဆက်ဆံရေးနှင့် အကူအညီဖြင့် သင့်အတွက် အကောင်းဆုံး ပြုစုစောင့်ရှောက်မှု ရယူလိုက်ပါ*

- ► ACO တစ်ခုတွင် ပါဝင်သည့် ကျန်းမာရေး ပြုစုစောင့်ရှောက်သူတစ်ဦးအား ရွေးချယ်သည့်အခါ ၎င်းတို့မှ မှန်ကန်သည့်အချိန်တွင် မှန်ကန်သည့် ပြုစုစောင့်ရှောက်မှု ရရှိနိုင်ရန် ကူညီပေးပါလိမ့်မည်။ မူလ ပြုစုစောင့်ရှောက်မှု ဆရာဝန်တစ်ဦး ရွေးချယ်ရန်အတွက် [Medicare.gov](https://www.medicare.gov) သို့ ဝင်ရောက်၍ သင်၏ လုံခြုံစိတ်ချရသော Medicare အကောင့်တစ်ခုသို့ လော့အင် ဝင်ပါ (သို့မဟုတ် ပြုလုပ်ပါ)။
- ► Medicare မှ သင့်ကျန်းမာရေး အချက်အလက်၏ သီးသန့်တည်ရှိမှုအား ကာကွယ်ထားပါသည်။ ပြုစုစောင့်ရှောက်မှုများ ပူးပေါင်းလုပ်ဆောင်ရန်အတွက် Medicare မှ သင့်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ပေးသူများနှင့်

သတင်းအချက်အလက် မမျှဝေစေလိုလျှင် 1-800-MEDICARE (1-800-633-4227) သို့ ဖုန်းခေါ်ဆိုပါ။   ပိုးသူ အရည်အသွေးက တိုင်းတာရန်အတွက် Medicare မှ ယေဘုယျ အချက်အလက်များအား မျှဝေနိုင်ပါသေးသည်။ Medicare မှ သင့်အချက်အလက်များ အသုံးပြုပုံနှင့် ပေးဝေပုံအား သိရှိနိုင်ရန် နောက်ထပ် အချက်အလက်များအတွက်[Medicare.gov](https://www.medicare.gov)  သို့သွား၍ “သီးသန့်တည်ရှိမှု” ကို ှာဖွေပါ။

*နောက်ထပ် သတင်းအချက်အလက် လိုချင်ပါသလား။*

**ကျွန်ုပ်တို့၏ ညှော်ကြိုထံ မေးနိုင်ပါသည် သို့မဟုတ် ______________ မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဖုန်းခေါ်ဆိုနိုင်ပါသည်။**

သင်သည် [Medicare.gov](https://www.medicare.gov)  သို့ ဝင်ရောက်ကြည့်ရှုနိုင်သလို 1-800-MEDICARE (1-800-633-4227) သို့လည်း ဖုန်းခေါ်ဆိုနိုင်ပါသည်။ စာရိုက် အသုံးပြုသူများအနေဖြင့် 1-877-486-2048 သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။

Medicare နှင့် သက်ဆိုင်သည့် စိတ်ပူပန်မှုများ သို့မဟုတ် တိုင်ကြားမှုများအား အကြောင်းကြားရန် 1-800-MEDICARE (1-800-633-4227) သို့ ဖုန်းခေါ်ဆိုပါ။

Accountable Care Organizations အကြောင်း နောက်ထပ် သိရှိရန် ဤနေရာရှိ QR ကုဒ်အား စကန်ဖတ်ပါ-